**လေယာဉ်လက်မှတ်ဝယ်ယူခြင်း**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လက်မှတ်ဝယ်ယူသည့် နိုင်ငံသားများနှင့် ဧည့်သည်များ အဆင်ပြေစေရန်အတွက် လေယာဉ်လက်မှတ်များကို မိမိတို့ Website မှ MPU, Visa, Master စသည်ဖြင့် နိုင်ငံတကာတွင် အသုံးပြုနိုင်သော ကတ်အမျိုးမျိုးဖြင့် ဝယ်ယူနိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ ထို့ပြင် လေယာဉ်အသစ်များဖြင့်လည်း ပြည်တွင်း ၂၈ မြို့နှင့် ပြည်ပ ၄ မြို့သို့ ပြေးဆွဲနေပြီး လမ်းကြောင်းအသစ်များကိုလည်း ထပ်မံတိုးချဲ့ပြေးဆွဲရန်ရှိပါသည်။

အကယ်၍ Website တွင် ဝယ်မည်ဆိုပါက ဝယ်မယ့်သူ၏ ဖုန်းနံပါတ်၊ အီးမေး နှင့် နိုင်ငံသားမှတ်ပုံတင်နံပါတ်သို့မဟုတ် နိုင်ငံကူးလက်မှတ်နံပါတ်တို့ လိုအပ်ပါသည်။

**လက်မှတ်ဝယ်ယူပုံ**

၁. ပထမဦးဆုံးအနေဖြင့် Browser မှနေ၍ [www.flymna.com](http://www.flymna.com) သို့ ဝင်ရောက်ပြီး ထွက်ခွာမည့်မြို့နှင့်အချိန်၊ ဆိုက်ရောက်မည့်မြို့နှင့်အချိန်တို့ကို ရွေးချယ်ရန်လိုအပ်ပါသည်။

၂. နောက်တစ်ဆင့်တွင် မိမိကြိုက်နှစ်သက်အဆင်ပြေရာ Class ကိုရွေးချယ်နိုင်ပါသည်။

၃. စုစုပေါင်းကုန်ကျစရိတ်ကို ဖော်ပြထားပြီး မြန်မာအမျိုးသားလေကြောင်း၏ Terms and Conditions များကို သဘောတူပါက နောက်တစ်ဆင့်သို့ သွားနိုင်ပါသည်။

၄. ခရီးသည်၏ နာမည်၊ ဖုန်းနံပါတ်၊ အီးမေးနှင့် နိုင်ငံသားမှတ်ပုံတင်နံပါတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်နံပါတ်တို့ကို ဖြည့်သွင်းရန် လိုအပ်ပါသည်။

၅. Booking အဆင့်သို့ရောက်ပြီး သတ်မှတ်ထားသော ကုန်ဆုံးချိန်မတိုင်မီ လက်မှတ်ထုတ်ခြင်းဖြင့် စီးနင်းလိုက်ပါနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

**ရန်ကုန်**

မြန်မာအမျိုးသားလေကြောင်းရုံးချုပ်
အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်းနံပါတ် - ၀၁ ၃၇၈၆၀၃၊ ၃၇၇၈၄၀

**နေပြည်တော်**

ရုံးအမှတ် ၅၊ ပို့ဆောင်ရေးဝန်ကြီးဌာန
ဖုန်းနံပါတ် - ၀၆၇ ၄၁၁၄၃၃

**မန္တလေး**

၈၁လမ်း၊ ၂၅နှင့် ၂၆လမ်းကြား၊ အောင်မြေသာစံရပ်
ဖုန်းနံပါတ်-၀၂၃၆၂၂၁

Website လိပ်စာ

[www.flymna.com](http://www.flymna.com)

အောက်ဖော်ပြပါ link တွင် ပိုမိုဖတ်ရှုလေ့လာနိုင်ပါသည်။

[https://www.motc.gov.mm/my/all-services](https://www.motc.gov.mm/my/all-services)